မြန်မာ့အမျိုးသမီးသမဂ္ဂမှ ထုတ်ဝေသည်။

# မြန်မာနိုင်ငံ၏ စစ်ရေးပဋိပက္ခအတွင်းမှ
## အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လူမှုဘဝလုံခြုံရေးဆိုင်ရာ အခြေအနေများ သုံးသပ်ချက်

(ဇူလိုင်လ မှ စက်တင်ဘာလအထိ၊ ၂၀၂၄ ခုနှစ်)

အောက်တိုဘာလ၊ ၂၀၂၄ ခုနှစ်။



Photo : UNOCHA

# နိဒါန်း

စက်တင်ဘာလကို "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးလ" အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံမှ ၁၉၈၁ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။ ထို စက်တင်ဘာလ (၂၁)ရက်နေ့ကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း ၌လည်း "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့" အဖြစ် ကျင်းပကြသည်။ မြန်မာနိုင်ငံတွင် စက်တင်ဘာလကို "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့" အဖြစ် သတ်မှတ်ထားသော်လည်း နိုင်ငံအတွင်း ဖြစ်ပွားနေသော ပဋိပက္ခများသည် အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လူမှုဘဝလုံခြုံရေးကို သိသိသာသာ အန္တရာယ် ဖြစ်နေသည်။ ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ဆောင်ပုဒ်မှာ "ငြိမ်းချမ်းရေးယဉ်ကျေးမှု တည်ဆောက်ခြင်း" ဖြစ်ပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် လူတိုင်းပါဝင် ဆောင်ရွက်နိုင်ရန် အရေးကြီးလှပါသည်။[1] သို့သော်လည်း အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လူမှုဘဝလုံခြုံရေးအခြေအနေသည် ခြိမ်းခြောက်ခံနေရပါသည်။ ၂၀၂၁ ခုနှစ်မှစတင်ပြီး အကြမ်းဖက်စစ်အုပ်စု၏လက်ထဲတွင် မြန်မာနိုင်ငံရှိ ပြည်သူလူထုများသည် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့်အတူ ရုန်းကန် ရှင်သန်နေကြ ရသည်။ မြန်မာပြည်သူလူထုတို့သည် အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းမှုတွင် အကြမ်းမဖက်သော နည်းလမ်းများ၊ လက်နက်ကိုင်စွဲခြင်းနည်းလမ်းများဖြင့် အရှိန်အဟုန်ပြင်းစွာ ဆန့်ကျင် တော်လှန်နေဆဲဖြစ်သည်။ သို့သော်လည်း စစ်တပ်အာဏာသိမ်းရန်ကြိုးပမ်းမှုကို ဆန့်ကျင်တော်လှန်လာသည့် သုံးနှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လူမှုဘဝ လုံခြုံရေး အခြေအနေသည် ပိုမိုဆိုးရွားလာနေပါသည်။ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှု၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု၊ မတရားဖမ်းဆီးမှု၊ အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အုပ်စုဖွဲ့မုဒိမ်းကျင့်မှု အပါအဝင် မုဒိမ်းကျင့်မှုများကြောင့် အမျိုးသမီးများ အသက်ဆုံးရှုံး ကြရသည်။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလ ၏ သုံးလတာကာလအတွင်း အကြမ်းဖက် စစ်တပ်၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ(EROs)နှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ (PDFs)ကြားရှိ လက်နက်ကိုင်ပဋိပက္ခများ၊ အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း (၁၀၂၇) စစ်ဆင်ရေး ဒုတိယလှိုင်းနှင့်အတူ နိုင်ငံအနှံ့ အရှိန်အဟုန်မြင့်တက်လာခဲ့သည်။ အကြမ်းဖက် စစ်အုပ်စုသည် ရှမ်းပြည်နယ် မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အခြေစိုက်ရာ မြို့တော်ဖြစ်သည့် လားရှိုးမြို့ အပါအဝင် ၎င်းတို့၏ဗျူဟာမြောက်အခြေစိုက်စစ်စခန်းများ၊ စစ်ဌာနများနှင့် မြို့ အများအပြားကို ဆုံးရှုံးခဲ့သည်။ တချိန် တည်းတွင် အကြမ်းဖက်စစ်အုပ်စုသည် အရပ်သား ပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ဆဲ ဖြစ်ပြီး လက်နက်ကြီးအမြောက်များအသုံးပြု၍


1 ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP), 20 September 2024. https://www.undp.org/blog/cultivating-culture-peace

ပစ်ခတ်ခြင်း၊ လေကြောင်းမှ ဗုံးကြဲခြင်း၊ မတရားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကဲ့သို့သော ကြီးလေးသော လူ့အခွင့်အရေးချိုးဖောက် မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက် ရှိသည်။ စစ်အုပ်စုသည် တရားမဝင် စစ်မှုထမ်းဥပဒေ အောက်တွင် အမျိုးသမီးများကို အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများ ဆက်တိုက်လုပ်ဆောင်လျက် ရှိနေသည်။ ထို့ကြောင့် နိုင်ငံရေး အကျဉ်းသူများ အပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ လူမှုဘဝ လုံခြုံရေးအခြေအနေသည် တစ်စတစ်စ ပိုမိုဆိုးရွားလာပါသည်။ ထို့အပြင် စီးပွားရေး အကြပ်အတည်း ရိုက်ခတ်မှုသည် အထူးသဖြင့် အခြေခံလူတန်းစား အမျိုးသမီးများ၏ လူမှုဘဝ အခြေအနေကို ထိခိုက်စေပါသည်။ အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကဲ့သို့သော မုဒိမ်းကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် လိင်အမြတ်ထုတ်ခံရမှုများ၏ ခြိမ်းခြောက်မှုအောက်တွင်ရှိနေသည်။ သို့သော်လည်း ရှင်သန်လွတ်မြောက်သူများအတွက် အကာအကွယ်ပေးခြင်းနှင့် တာဝန်ယူ/ခံမှုဆိုင်ရာ ယန္တရားများ မရှိသောကြောင့် ပြစ်မှုကျူးလွန်သူများသည် အလုံးစုံ ပြစ်ဒဏ်ကင်းလွတ်ခွင့် ရနေသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ လွှမ်းခြုံသော ဤအစီရင်ခံစာတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူအမျိုးသမီးများ၊ တရားမဝင်စစ်မှုထမ်းခြင်းဆိုင်ရာဥပဒေ၊ အမျိုးသမီးများနှင့် စီးပွါးရေးအခြေအနေ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်သူ အမျိုးသမီးများအတွက် တရားမျှတမှုရရှိရေးနှင့် ၎င်းတို့ကို အကာအကွယ်ပေးမှုအခြေနေ၊ အမျိုးသမီး စစ်ရှောင်များနှင့် ၎င်းတို့၏ လူမှုဘဝလုံခြုံရေးအခြေအနေများကို သုံးသပ်တင်ပြထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာသည် သတင်း ဆောင်းပါးများ၊ အဖွဲ့အစည်းဆိုင်ရာ အစီရင်ခံစာများ၊ သုတေသနပြုချက်စာစောင်များကဲ့သို့သော ဆင့်ပွား သုတေသနသတင်းအချက်အလက်အပေါ်အခြေခံ၍ သုံးသပ်တင်ပြထားခြင်းဖြစ်ပါသည်။ အမျိုးသမီးများ ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများနှင့် ၎င်းတို့၏ခံနိုင်ရည်စွမ်းကို စာနာနားလည်နိုင်ရန် ဤအစီရင်ခံစာက အထောက်အကူပြုမည်ဟု မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် ယုံကြည်ပါသည်။ ထို့အပြင် ဤအစီရင်ခံစာ သုံးသပ်ချက်သည် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်နှင့် မတူညီသော အစုအဖွဲ့များအတွက် စည်းရုံးလှုံ့ဆော် ခြင်း အတွက် အထောက်အကူပြုအနေဖြင့် အသုံးပြုနိုင်ပြီး ရှင်သန်လွတ်မြောက်လာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် တရားမျှတမှုရရှိရန်လည်း အကူအညီဖြစ်စေမည်ဖြစ်သည်။ သို့သော်ငြားလည်း မြန်မာ့အမျိုးသမီးသမဂ္ဂ အနေဖြင့် လက်တွေ့မြေပြင်အခြေအနေတွင် သတင်းအချက်အလက်ရရှိနိုင်မှုနှင့် သတင်းစီးဆင်းမှုများ၌ ကန့်သတ်မှုများရှိနေသောကြောင့် နိုင်ငံတစ်ဝန်းလွှမ်းခြုံနိုင်သော သတင်း အချက် အလက်များ ရယူနိုင်ရန် စိန်ခေါ်မှုများရှိနေပါသည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင် ရေးသားတင်ပြသော သတင်းအချက်အလက်များသည် သိသာမြင်သာသော အပိုင်းကိုသာ ထင်ဟပ်စေနိုင်ပြီး မြေပြင်တွင် ဖြစ် ပျက်နေသည့် ပကတိအခြေအနေများသည် ယခုထက်ပိုမိုများပြား နက်ရှိုင်းနိုင်ပါသည်။

## ၁။ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လူမှုဘဝလုံခြုံရေးဆိုင်ရာအခြေအနေများ

၂၀၂၄ ခုနှစ် စက်တင်ဘာလ (၂၁) ရက်နေ့သည် “အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့” ဖြစ်သော်ငြားလည်း အကြမ်းဖက်စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများပြင်းထန် လာခြင်းကြောင့် အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့်လူမှုဘဝလုံခြုံရေးအခြေအနေသည် အန္တရာယ်ရှိသော အနေအထားတွင်ရှိနေသည်။ အမျိုးသမီးများသည် ၎င်းတို့၏မိသားစုများကို ကာကွယ်စောင့်ရှောက်နေရသည့်အပြင် တော်လှန်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေခြင်းကြောင့် အကြမ်းဖက်စစ်အုပ်စု၏ ပစ်မှတ်ထားခြင်းကိုခံနေရသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ သတင်းအချက်အလက်စုစည်းချက်များအရ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ နှင့် စက်တင်ဘာလအတွင်း အမျိုးသမီး (၁၉၆)ဦး သေဆုံးခဲ့ရပြီး (၁၆၄)ဦး ထိခိုက် ဒဏ်ရာ ရရှိခဲ့ကြသည်။ သို့သော်လည်း အကြမ်းဖက်စစ်တပ်က ဖုန်းဆက်သွယ်မှုနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်ထားခြင်းကြောင့် သတင်းအချက်အလက် ရရှိနိုင်မှု ကန့်သတ်ချက်များရှိသည့်အတွက် မြေပြင် ပကတိကိန်းဂဏန်းများနှင့် အချက်အလက်များသည် ယခုထက် ပိုမိုများပြားနိုင်ပါသည်။



ပုံ-အမျိုးသမီး သေဆုံးသူ အရေအတွက် နှင့် ထိခိုက်ဒဏ်ရာရသူပြ ဇယား

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)၏ အချက်အလက်များအရ ၂၀၂၁ ခုနှစ်မှစ၍ အကြမ်းဖက် စစ်အုပ်စု၏ သတ်ဖြတ်ခြင်းကိုခံခဲ့ရသော အမျိုးသမီး (၁၁၈၀)ဦး ရှိပြီဖြစ်သည်။[2] ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အမျိုးသမီးများသည် အကြမ်းဖက်စစ်အုပ်စုမှ လူသားဒိုင်းအဖြစ် အသုံးပြုပြီး ဖမ်းဆီး ထိန်းသိမ်း ထားခြင်းကို ခံနေရသည်။ ဥပမာအနေဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လ (၅)ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူ မြို့နယ်၊ ဂုဏ်ညွှင်းရှိရွာတွင် တောင်ယာလုပ်ကိုင်နေသော

2 နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP), 30th September 2024. https://www.facebook.com/photo/?fbid=925454402944988&set=pcb.925454642944964

ဒေသခံအမျိုးသမီး (၁၀)ဦးနှင့် အမျိုးသား (၃)ဦးကို ပျူစောထီးများက ဖမ်းဆီးခဲ့သည်။ အမျိုးသားများကိုရိုက်နှက်ပြီး ပြန်လွှတ်ပေးခဲ့သော်လည်း အမျိုးသမီး များကိုမူ ဆက်လက်ဖမ်းထားပြီး ထောက်ပံ့ရေးစားနပ်ရိက္ခာများနှင့် အလဲအလှယ် လုပ်ခဲ့ကြသည်။[3] ထို့အပြင် မွန်ပြည်နယ်မှ အမျိုးသမီးများသည် အကြမ်းဖက်စစ်အုပ်စု၏ တပ်သားများအတွက် ချက်ပြုတ်ရန် အတင်းအကြပ်စေခိုင်းခံရပြီး ၎င်းတပ်သားများ၏ နှုတ်အားဖြင့်နှောင့်ယှက်မှုများ ရင်ဆိုင် ကြုံတွေ့ကြ ရသည်။ အမျိုးသမီးများကို လူမြင်ကွင်းတွင် သာမက ၎င်းတို့၏နေအိမ်များ၌ ညအချိန်တွင်ပင် လုံခြုံရေး စစ်ဆေးမှု လုပ်ဆောင်ရန် ပစ်မှတ်ထားခံနေရခြင်းဖြစ်သည်။[4]

လက်နက်ကိုင်ပဋိပက္ခများအတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ လူမှုဘဝလုံခြုံရေး အန္တရာယ် များ ပိုမိုဆိုးရွားလာနေသည်။ အာဏာသိမ်းရန်ကြိုးပမ်းမှုအပြီး ကျန်းမာရေးဝန်ထမ်းအများစုသည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်ခဲ့ပြီး အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် မပါဝင် သောသူ (non-CDMers) များသည်လည်း စစ်ရေးပဋိပက္ခကြောင့် အခြားဒေသသို့ ပြောင်းရွှေ့သွားကြသည်။ ထိုဖြစ်စဉ်ကြောင့် ၂၀၂၄ ခုနှစ် ဩဂုတ်လ (၃)ရက်နေ့တွင် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးနှင့် ၎င်း၏ကလေးငယ် သည် ဗန်းမော်ဆေးရုံကြီးတွင် ဆရာဝန်များမရှိသည့်အတွက် အရေးပေါ်မိုက်ခွဲမွေးရန် အချိန်မီမလုပ်ဆောင် နိုင်ခဲ့သောကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။[5] ထို့အပြင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် စစ်အုပ်စု ကြား တိုက်ပွဲများကြောင့် အင်းတော်မြို့ဘုန်းကြီးကျောင်းတွင် ထောင်နှင့်ချီသောအရပ်သားများမှာ လနှင့်ချီ ပိတ်မိနေခဲ့သည်။ အရပ်သားအချို့မှာ တိုက်ပွဲများအတွင်းဒဏ်ရာရခဲ့သော်လည်း အကြမ်းဖက် စစ်အုပ်စုက လွတ်လပ်စွာသွားလာခွင့်နှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုရယူခွင့်ကို ကန့်သတ်ပိတ်ပင် ထားသည်။ ထို့ကြောင့် အမျိုးသမီးအပါအဝင် ဒဏ်ရာရသောအရပ်သားအချို့သည် အချိန်မီဆေးဝါး ကုသမှု မရရှိခဲ့ခြင်း ကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။[6] အမျိုးသမီးများနှင့် ကလေးငယ်များ၏ လူမှုဘဝလုံခြုံရေး အခြေအနေ သည် မြေမြှုပ်မိုင်းများကြောင့်လည်း မြင့်မားသော အန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ မြန်မာ့အမျိုးသမီး သမဂ္ဂ ၏ မီဒီယာမှတဆင့် သုံးလတာကာလအတွင်း စောင့်ကြည့်လေ့လာမှုအရ မြေမြှုပ်မိုင်း အန္တရာယ် ကြောင့် အမျိုးသမီး (၄)ဦးထက်မနည်း အသက်ဆုံးရှုံးခဲ့ရသကဲ့သို့ အခြားအမျိုးသမီး (၁၄)ဦးမှာ ဒဏ်ရာရခဲ့ ပြီး၊ အချို့မှာ ၎င်းတို့၏ ခြေထောက် (သို့မဟုတ်) လက်များဆုံးရှုံးခဲ့ရသည်။

3 မြေလတ်အသံ (Myaelatt Athan), 06 July 2024.
http://surl.li/ljhava

4 Connect Burma, 05 July 2024.
https://web.facebook.com/share/p/hY1PixJPLP9Xc1jN/w

5 Kachin News Group, 03 September 2024.
http://surl.li/mdiobx

6 လွတ်လပ်တဲ့အာရှအသံ (RFA Burmese), 04 September 2024.
https://www.facebook.com/rfaburmese/posts/934725672022169?ref=embed_post

## ၁.၁။ စစ်မှုထမ်းဥပဒေနှင့် အမျိုးသမီးများ




Photo : AFP

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ(EROs)က ထိုးစစ်ဆင်မှုများ ဆက်တိုက် ပြုလုပ်နေချိန်တွင် အကြမ်းဖက်စစ်အုပ်စုသည် တရားမဝင် စစ်မှုထမ်းဥပဒေအား ပြန်လည် အသက်သွင်းခဲ့သည်မှာ (၇)လအတွင်းသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စု ထိန်းချုပ်မှု အားကောင်းသော ဒေသတွင် နေထိုင်လျက်ရှိသော အရပ်သားပြည်သူများကို စစ်သားစုဆောင်းရေး အဖွဲ့က အမိန့်အရဟုဆိုကာ အတင်းအကျပ် စစ်သားအဖြစ်စုဆောင်းနေပါသည်။ စစ်မှုထမ်းအပတ်စဉ် (၃)အထိသင်တန်းဆင်းပြီးနောက် ယခုအစီရင်ခံသုံးသပ်ချက်ကာလအတွင်း စစ်မှုထမ်းသင်တန်း အပတ်စဉ် (၄)အတွက် စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်နေပြီဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုအပြီးတွင် တပ်သားသစ်များသည် ရှေ့တန်းစစ်မြေပြင်သို့ စေလွှတ်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ မုံရွာမြို့တွင် စစ်သားများက မိသားစုနေအိမ်များတွင် သန်းခေါင်အချိန်၌ပင် ဥပဒေမဲ့ ဝင်ရောက်စီးနင်းပြီး လူငယ်များကို အတင်းအဓမ္မ ဖမ်းဆီးခဲ့ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ အထူးသဖြင့် အသက် (၁၈)နှစ် မှ (၂၀)နှစ်ကြား အမျိုး သမီး (၄)ဦး မှ (၅)ဦးအထိ ဖမ်းဆီးခံခဲ့ရသည်။ မိဘများက ၎င်းတို့လွတ်မြောက်နိုင်ရန်အတွက် အခကြေး ငွေပေးပြီး ကြိုးပမ်းခဲ့သော်လည်း ဆက်လက် ဖမ်းဆီးထိန်းသိမ်းခံနေရဆဲဖြစ်သည်။[7] စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကို ခုခံဆန့်ကျင်သည့်အတွက် အမျိုးသမီးများသည် သိသာထင်ရှားသောအန္တရာယ် နှင့် ခြိမ်းခြောက် မှုအောက်တွင် နေထိုင်နေကြရ သည်။

7 ဗွီအိုအေ-မြန်မာဌာန (VOA Burmese), 09 July 2024. https://burmese.voanews.com/a/conscription-law-myanmar-women/7690697.html

ထို့အပြင် အကြမ်းဖက်စစ်အုပ်စု၏ တရားမဝင် စစ်မှုထမ်း ဥပဒေသည် အမျိုးသမီးများအတွက် အန္တရာယ်ရှိစေပြီး လူမှုဘဝလုံခြုံရေးအခြေအနေကို ထပ်လောင်းပြီး ဆိုးရွားစေ သည်။ မွန်လူ့အခွင့်အရေး ဖောင်ဒေးရှင်းဒါရိုက်တာနှင့် လွတ်လပ်တဲ့အာရှအသံ (RFA)မှ အင်တာဗျူး မေးမြန်းမှုအရ မွန်ပြည်နယ်ရှိ မြို့နယ် (၁၀)မြို့နယ်တွင် အကြမ်းဖက်စစ်အုပ်စုသည် စစ်မှုထမ်းရန် အတွက် အကျုံးဝင်သော အမျိုးသမီး များကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ စစ်မှုထမ်းအပတ်စဥ် အတွက် စုဆောင်း ထားသည်။ အကြမ်းဖက်စစ်အုပ်စု မှ စစ်သားသစ်စုဆောင်းခြင်းလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက် လာသည်နှင့်အမျှ အမျိုးသမီး များသည် တရားမဝင်စစ်မှုထမ်းဥပဒေမှ လွတ်မြောက်ရန်အတွက် ၎င်းတို့ နေထိုင်ရာ အိမ်များ၊ ကျေးရွာ များမှ ထွက်ပြေးတိမ်းရှောင်လာကြသည်။[8] တချိန်တည်းတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှု နှင့် ငွေကြေးအကျပ်အတည်းများကြောင့် သမီးများရှိသည့် မိဘများကြား အကြီးမားဆုံး စိတ်ဒုက္ခကို ဖြစ်စေသည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၅)ရက်နေ့တွင် ထိုင်းအာဏာပိုင်များက မြန်မာနိုင်ငံသား စုစုပေါင်း (၉၆၀)ဦးအား နယ်စပ်ဂိတ်များမှတဆင့် အကြမ်းဖက်စစ်အုပ်စုထံ လွှဲပြောင်းပေးခဲ့ ကြောင်းသိရ သည်။ လွှဲပြောင်းခံရသူများထဲတွင် ထိုင်းနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသော အမျိုးသား (၇၅၂)ဦးနှင့် အမျိုးသမီး (၂၀၈)ဦး ပါဝင်သည်။ တရားမဝင်စစ်မှုထမ်း ဥပဒေထုတ်ပြန်ပြီးနောက် မြန်မာနိုင်ငံ အတွင်း ရှိ လူငယ်များသည် အိမ်နီးချင်းနိုင်ငံများ (အထူးသဖြင့် ထိုင်းနိုင်ငံ)သို့ နည်းလမ်းအမျိုးမျိုးဖြင့် ထွက်ပြေး တိမ်းရှောင်လာကြသည်။[9] ထို့အပြင် အတင်းအကျပ် စစ်သားစုဆောင်းခြင်းနှင့် ဖမ်းဆီးခြင်း တို့ကြောင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များနှင့် ၎င်းတို့၏မိဘများအကြား စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက် လာ သည်။[10] အခြားတဖက်တွင်လည်း အကြမ်းဖက်စစ်အုပ်စုက ၂၀၂၄ ခုနှစ်၊ ဩဂုတ်လကုန်မှစ၍ လေဆိပ် လူဝင်မှု ကြီးကြပ်ရေးတွင် စစ်မှုထမ်းဥပဒေ၏အသက်အပိုင်းအခြားအတွင်း အကျုံးဝင်သော လူငယ်များ ပြည်ပ ထွက်ခွာမှုကို ပိုမိုကန့်သတ်လာသည်။ ထိုဖြစ်စဥ်များကြောင့် တရားမဝင် နယ်စပ် ဖြတ်ကျော်မှု များမှ တဆင့် လူကုန်ကူးမှုအန္တရာယ်များ တိုးမြင့်လာစေသည်။

8 လွတ်လပ်တဲ့အာရှအသံ (RFA Burmese), 20 August 2024. https://www.rfa.org/burmese/news/junta-women-military-service-08202024130215.html
9 လွတ်လပ်တဲ့အာရှအသံ (RFA Burmese), 06 September 2024. https://www.facebook.com/rfaburmese/posts/936174905210579?ref=embed_post
10 သျှမ်းသံတော်ဆင့် (Shan News Burmese), 23 August 2024. https://burmese.shannews.org/archives/43776

## ၁.၂။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူအမျိုးသမီးများ၏ လူမှုဘဝလုံခြုံရေးအခြေအနေများ



မြန်မာ့သမိုင်းတလျှောက်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ နိုင်ငံရေးလှုပ်ရှားမှုတွင် တက်တက်ကြွကြွ ဦးဆောင်ပါဝင်နေသည်။ အမျိုးသားဝါဒီ စိုးမိုးသောနိုင်ငံရေးအတွေးအခေါ်နှင့် လူမှုစံနှုန်းသတ်မှတ်ချက်များရှိစေကာမူ အမျိုးသမီးများသည် အာဏာရှင်စနစ်ကို တွန်းလှန်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့သော်လည်း အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချမှတ်ရသော ရာထူးများမှ ဖယ်ကျဉ်ထားခြင်းကိုလည်း ရင်ဆိုင်နေရဆဲဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အမျိုးသမီး များသည် အကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန်ကြိုးပမ်းမှုကို ဆန့်ကျင်ကန့်ကွက်ရာတွင် နည်းလမ်း အမျိုးမျိုးဖြင့် တက်ကြွစွာပါဝင်နေသည်။

ထိုအရာများကြောင့် စစ်အုပ်စု၏ မတရားဖမ်းဆီးခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် စောင့်ကြည့်ခြင်းအပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ လူမှုဘဝလုံခြုံရေးကိုခြိမ်းခြောက်မှုများ ပိုမိုများပြားလာနေပါသည်။ ၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်သည့်အချိန်မှစ၍ အကြမ်းဖက်စစ်အုပ်စုက အမျိုးသမီး (၅,၆၉၁)ဦးကို ဖမ်းဆီးထားကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)မှ ထုတ်ပြန်ထားသည်။[11] နိုင်ငံတကာတရားရုံး၏ အဆိုပြုချက်အရ မြန်မာနိုင်ငံရှိ အမျိုးသမီးနိုင်ငံရေးအကျဉ်းသူများသည် ကျန်းမာရေး စောင့်ရှောက်မှုခံယူခွင့် ငြင်းပယ်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ အထူးသဖြင့် စစ်ကြောရေးကာလအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အတင်းအကြပ်ကိုယ်ဝန်ဖျက်ချစေခြင်းများ အပါအဝင် ပြင်းထန်သော လူ့အခွင့် အရေး ချိုးဖောက်ခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။[12] ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးအကျဉ်းထောင်မှ ထောင်အာဏာပိုင်များသည် နိုင်ငံရေးအကျဉ်းသူ အမျိုးသမီး များကို ရက်စက်စွာ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခဲ့သဖြင့် ၎င်းတို့အနက် နိုင်ငံရေးအကျဉ်းသူ (၇)ဦးမှာ ဒဏ်ရာ အပြင်းအထန် ရရှိခဲ့ကြသည်။ ၎င်းတို့နှင့်ပတ်သက်သော သတင်းအချက်အလက်များရရန်အတွက် မီဒီယာ ဝင်ရောက်တွေ့ဆုံခွင့်ကိုလည်း ငြင်းပယ်ပိတ်ပင်ခံခဲ့ရသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့ တွင် စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုပြီးနောက် နိုင်ငံရေးပုဒ်မများဖြင့် တရားစွဲဆိုခံထားရသူများကို ဥပဒေ ဆိုင်ရာ အခမဲ့အကူအညီပေးနေသည့် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ မှ

11 နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP), 30 September 2024. https://www.facebook.com/photo/?fbid=925454402944988&set=pcb.925454642944964

12 Foreign Correspondents' Club of Thailand, 31 July 2024 https://fb.watch/ux1QbV7XNh/

အမျိုးသမီးရှေ့နေတစ်ဦး ဖမ်းဆီးခံခဲ့ရသည်။ [13]

မတူညီသောဌာနဆိုင်ရာအသီးသီးမှ ထောင်ပေါင်းများစွာသောအမျိုးသမီးများသည် အကြမ်းမဖက် အာဏာဖီဆန်သူများ (CDM)အဖြစ် ရွှေဦးတော်လှန်ရေးတွင်ပါဝင်ပြီး စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုကို ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့ကြသည်။ ထို့ကြောင့် စစ်အုပ်စုသည် အမျိုးသမီးများကို ပစ်မှတ်ထား တိုက်ခိုက် နေသဖြင့် ၎င်းတို့၏လူမှုဘဝလုံခြုံရေးအခြေအနေသည် အလွန်အမင်း စိုးရိမ်စရာအနေအထားသို့ ရောက်ရှိ နေသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်တွင် ကိုယ်ဝန်လေးလရှိပြီဖြစ်သော CDM ကျောင်းဆရာမ တစ်ဦးကို အကြမ်းဖက်စစ်အုပ်စုက ပစ်သတ်ခဲ့သည်။ ကျူးလွန်ခံရသူ အမျိုးသမီးသည် အသတ်မခံရမီ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရပြီး သူမ၏လက်များကိုလည်း ဓါးနှင့်မွှန်းထားသည်ဟုဆိုသည်။[14] ထို့အပြင် အကြမ်းဖက်စစ်အုပ်စုသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူအမျိုးသမီးများကို ပစ်မှတ် ထားရုံသာမက နိုင်ငံရေးတွင်ပါဝင်မှုကြောင့် ၎င်းတို့၏ပိုင်ဆိုင်မှုများကို သိမ်းယူဖျက်ဆီးခဲ့ကြသည်။ ဥပမာ အားဖြင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၂)ရက်နေ့တွင် ထားဝယ်မြို့ရှိ LGBTသပိတ် ခေါင်းဆောင်တစ်ဦး၏ နေအိမ်ကို စစ်အုပ်စုက ဝင်ရောက်စီးနင်းပြီး မီးရှို့ခဲ့သည်။[15] စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကို တွန်းလှန်ခဲ့သည့် သုံးနှစ်ကျော်ကာလအတွင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူအမျိုးသမီးများ၏ လူမှုဘဝ လုံခြုံရေး အခြေအနေသည် ဆက်လက်ဆိုးရွားလာခဲ့သည်။

### ၁.၃။ ပျက်စီးယိုယွင်းလာသောစီးပွားရေးအခြေအနေနှင့် အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှု

အကြမ်းဖက်စစ်အုပ်စုလက်ထက်တွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနှုန်းမြင့်မားပြီး မြန်မာနိုင်ငံ ၏ စီးပွားရေးအခြေအနေသည်လည်း ကမောက်ကမအနေအထားသို့ ဦးတည်နေသည်။ စီးပွားရေး ကျဆင်း ခြင်း အကျိုးဆက်များအနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်း အဆမတန်မြင့်မားလာခြင်း၊ စားနပ်ရိက္ခာ မလုံ လောက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာခြင်းကြောင့် ပြည်ပအိမ်နီးချင်းနိုင်ငံများသို့ အလုပ်သမားထွက်ခွါမှုများ သိသိသာသာ ပိုမိုများပြားလာနေသည်။ ငွေကြေးဖောင်းပွမှုနှုန်း အဆမတန် မြင့်တက်လာခြင်းသည် ပြည်သူလူထု (အထူးသဖြင့် အမျိုးသမီးများ)အတွက် လိုအပ်ချက်ကို အလျဥ်မီ အောင် ဖြည့်ဆည်းနိုင်ရန် ပိုမိုခက်ခဲလာစေသည်။ ထိုသို့ လူနေမှုစရိတ်များ မြင့်မားလာသော်လည်း လုပ်အားခ များနှင့် လစာများမှာ တိုးတက်ပြောင်းလဲလာခြင်းမရှိပေ။ ထိုဖြစ်စဥ်ကြောင့် မတန်တဆအတိုးနှုန်း ကောက်ခံ သော တရားမဝင်ငွေချေးသူများထံမှ ငွေချေးယူမှုများ ပိုမိုများပြားလာသည်။ ထို့အပြင် နိုင်ငံတစ်ဝန်း ဖြစ်ပွါးနေသောပဋိပက္ခများနှင့် အခြေခံကုန်ပစ္စည်းဈေးနှုန်းများ

13 Independent Mon News Agency, 22 August 2024. https://www.facebook.com/photo.php?fbid=903900348432193&set=a.640474221441475&type=3

14 လွတ်လပ်တဲ့အာရှအသံ RFA Burmese (24 August 2024). http://surl.li/hxqnjp

15 Honest Information, 17 September 2024 https://www.facebook.com/honestinfo/posts/497191872950421?ref=embed_post

မြင့်တက်နေမှုကြောင့် စစ်ရှောင်စခန်းများ မှ အမျိုးသမီးများ အသက်ရှင်သန်ရန် ရုန်းကန်နေရသည်ဟု အစီရင်ခံစာများရှိသည်။ ကုန်ဈေးနှုန်းများ မြင့်တက်နေမှုကြောင့် အချို့သော အမျိုးသမီးများသည် မိသားစု စားဝတ်နေရေးဖြေရှင်းနိုင်ရန်အတွက် မိမိတို့၏ဥစ္စာပစ္စည်းများကိုရောင်းချကြရပြီး အချို့အမျိုးသမီးများ မှာမူ လစာဝင်ငွေနည်းပါးသောကြောင့် စားသုံးဆီ ဝယ်ရန်ပင် မတတ်နိုင်သည့်အခြေအနေသို့ ရောက်ရှိ နေကြောင်းသိရသည်။


Photo: Aung Kyaw Htet/Sopa/Zuma

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် စစ်အုပ်စုက တရက်တာလုပ်ခလစာ ၅,၈၀၀ ကျပ်မှ အမေရိကန် ဒေါ်လာ (၁)ဒေါ်လာနှင့် ညီမျှသော ၆,၈၀၀ ကျပ်သို့ပြောင်းလဲ သတ်မှတ်ကြောင်းကြေငြာခဲ့သည်။ အခြေခံလုပ်ခလစာနှုန်း တိုးလာ သော်လည်း မြန်မာကျပ်ငွေ တန်ဖိုးဆက်တိုက်ကျဆင်းလာမှုနှင့် ကုန်ဈေးနှုန်းမြင့်တက်နေမှုကြောင့် အလုပ်သမားများအတွက် နေထိုင်စရိတ်ပင် မကာမိနိုင်ပေ။ စီးပွားရေးလုပ်ငန်းရှင်များ၊ အထူးသဖြင့် အထည်ချုပ်စက်ရုံမှ လုပ်ငန်းပိုင်ရှင်များသည် လုံလောက်သော လုပ်ခလစာနှင့် လုပ်အားခများ မတိုးပေး နိုင်သောကြောင့် ကျွမ်းကျင်လုပ်သားများ ရှားပါးမှုပြဿနာနှင့် ကြုံတွေ့နေရသည်။ လက်ရှိအခြေအနေတွင် နိုင်ငံရပ်ခြားသို့ ထွက်၍အလုပ်မရှာနိုင်သောသူများလည်း ရုန်းကန်ရှင်သန်နေကြရသည်။[16] ကမ္ဘာ့ဘဏ် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူဦးရေသုံးပုံတစ်ပုံနီးပါး သည် ဆင်းရဲမွဲတေမှုနှင့်ရင်ဆိုင်နေရသည်ဟု ခန့်မှန်း ထားသည်။ [17] မြေလတ်အသံ၏ စစ်တမ်းတစ်ခုအရ အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းမှု ပြီးနောက် ပဲခူးတိုင်းဒေသတွင် အခြေခံ စားနပ်ရိက္ခာ ကုန်ဈေးနှုန်းများ သုံးဆတက်သွားကြောင်း သိရသည်။ ၂၀၂၁ ခုနှစ်တွင် မိသားစုတစ်စုစာအတွက် တရက် ကုန်ကျစရိတ် ၅,၀၀၀ကျပ်သာ ရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ် တွင် တရက်ကုန်ကျစရိတ် ၁၅,၀၀၀ကျပ် အထိ

16 လွတ်လပ်တဲ့အာရှအသံ (RFA Burmese), 15 August 2024.
https://www.facebook.com/watch/?v=1192968181926506&ref=sharing
17 VOA English, 12 June 2024
https://www.voanews.com/a/world-bank-inflation-poverty-keep-climbing-in-war-torn-myanmar/7653449.html

ရှိလာခဲ့သည်။ [18]အချို့ဒေသများတွင် ဆိုးဝါးသော ငွေကြေး ဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းမြင့်တက်လာမှုတို့ကြောင့် အစားအသောက်များ မစားဘဲနေရသည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

စီးပွားရေးအကြပ်အတည်းမှ လွတ်မြောက်နိုင်ရန်အတွက် ပြည်ပနိုင်ငံများသို့ အလုပ်အကိုင်ရှာဖွေ နေသူ အမြောက်အများရှိလာသည်။ သို့သော်လည်း ရွှေ့ပြောင်းလုပ်သားများသည် ဖမ်းဆီးခံရခြင်း၊ ထောင်ချ ခံရခြင်းနှင့် နေရပ်သို့ပြန်ပို့ခံရနိုင်သည့်အတွက် နိုင်ငံခြားတိုင်းပြည်များတွင် အထောက်အထားအပြည့်အစုံ မရှိပဲ အလုပ်လုပ်နိုင်ရန် မလွယ်ကူပေ။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၂၅)ရက်နေ့တွင် ထိုင်းအာဏာပိုင်များက အမျိုးသမီး (၅၂)ဦး အပါအဝင် မြန်မာနိုင်ငံမှ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမား (၂၆၄)ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် စွဲချက်တင်ခံရနိုင်သလို ထောင်ဒဏ် တစ်လခွဲအထိကျခံရအပြီး မြန်မာနိုင်ငံသို့ ပြန်ပို့ခံရနိုင်သည်။ ၂၀၂၄ ခုနှစ် ဇွန်လမှ စက်တင်ဘာလအတွင်း ထိုင်းနိုင်ငံတွင် စုစုပေါင်း မြန်မာရွှေ့ပြောင်း အလုပ်သမား (၁၉၃,၄၃၀)ဦး ဖမ်းဆီးခံခဲ့ရသည်။[19] အကြမ်းဖက်စစ်တပ်အာဏာသိမ်းရန်ကြိုးပမ်းမှု လေးနှစ် နီးပါး ကာလအတွင်း မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာနိုင်မည့် အရိပ်အယောင်မတွေ့ရဘဲ ပြိုလဲသွားမည့် အခြေအနေတွင်ရှိနေသဖြင့် အရပ်သားပြည်သူများသည် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်။

## ၁.၄။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုမှ ရှင်သန်လွတ်မြောက်လာသူများအတွက် အကာအကွယ်ပေးမှုနှင့် တရားမျှတမှုရရှိရေး



Photo : ICRC

ရှည်ကြာသော လက်နက်ကိုင်ပဋိပက္ခတစ်လျှောက်လုံးတွင် အကြမ်းဖက်စစ်အုပ်စုက အမျိုးသမီးများ အပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို စစ်လက်နက်သဖွယ် စနစ်တကျ အသုံးပြုခဲ့ပြီး ၎င်းတို့သည် ဆယ်စုနှစ်များစွာ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေသည်။ ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုပြီးနောက် ပဋိပက္ခများနှင့်ဆက်နွှယ်သော အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် နိုင်ငံအနှံ့တွင် ပိုမိုများပြားကျယ်ပြန့်လာသည်။ အကြမ်းဖက်စစ်အုပ်စုသည် အမျိုးသမီးများအပေါ်

18 မြေလတ်အသံ (Myaelatt Athan), 25 September 2024
https://tinyurl.com/ft2jtnxb
19 လွတ်လပ်တဲ့အာရှအသံ (RFA Burmese), 25 September 2024
https://www.rfa.org/burmese/news/myanmar-workers-arrested-09252024024430.html

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေသောနေရာများသာမက အကျဉ်းထောင်များ၊ စစ်ကြောရေး စခန်းများ၊ ထိန်းသိမ်းရေးစခန်း များနှင့် စစ်ဆေးရေးဂိတ်များ ကဲ့သို့သော ပဋိပက္ခ မဖြစ်နေသော နေရာများ တွင်လည်း ကျူးလွန်နေသည်။

အကျိုးဆက်အနေဖြင့် ဂျဲန်ဒါအားလုံးသည် ပဋိပက္ခကာလများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရနိုင်ခြင်း အထူးသဖြင့် အုပ်စုဖွဲ့မုဒိမ်းကျင့်ခံရခြင်းနှင့် သတ်ဖြတ်ခံရခြင်း အပါအဝင် မုဒိမ်းမှုများ ဖြစ်ပွါးနိုင်ခြေ မြင့်မားလျက်ရှိသည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၀)ရက်နေ့တွင် မကွေးတိုင်း၊ ဂန့်ဂေါ မြို့နယ်မှ ဒေသခံအမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ရန် အကြမ်းဖက်စစ်အုပ်စု အချင်းချင်း တိုက်တွန်းလှုံ့ဆော်နေသည့် ရုပ်သံဖိုင်တစ်ခု ထွက်ပေါ်လာခဲ့သည်။[20] အကြမ်းဖက်စစ်အုပ်စုသည် အမျိုးသမီး များနှင့် အမျိုးသမီးငယ်များကို စစ်လက်နက်အဖြစ် စနစ်တကျနှင့် ဗျူဟာကျကျ ပစ်မှတ်ထားကြောင်း ထိုရုပ်သံဖိုင်မှ သက်သေထူလျက်ရှိသည်။ အကြမ်းဖက်စစ်အုပ်စုသည် ညှဉ်းပန်း နှိပ်စက်ခြင်း၊ သတ်ဖြတ် ခြင်း၊ ဖမ်းဆီးခြင်း၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းအပြင် ကျေးရွာထဲသို့ဝင်ရောက်စဉ် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပြုလုပ်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသ ကြီး၊ လက်ပံတန်းမြို့နယ်တွင် အကြမ်းဖက်စစ်အုပ်စုက အမျိုးသမီးတစ်ဦးကို ရိုက်နှက်မုဒိမ်းကျင့်ပြီး ၎င်းအမျိုးသမီးကို ကယ်တင်ရန်ကြိုးပမ်းသည့် အမျိုးသားတစ်ဦးကိုလည်း သတ်ဖြတ်ခဲ့သည်။[21] နှစ်ရက် အကြာတွင် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် အကြမ်းဖက်စစ်သားသုံးဦးက အမျိုးသမီးတစ်ဦးကို သေနတ်ဒင်နှင့်ထုရိုက်နှက်ပြီး အုပ်စုဖွဲ့အဓမ္မပြုကျင့်ခဲ့ကြသည်။ ၎င်းအမျိုးသမီးသည် အုပ်စုဖွဲ့မုဒိမ်းကျင့် ခံရပြီး သတိလစ်မေ့မြောသည်အထိ အကြမ်းဖက်တပ်ဖွဲ့ဝင်များက ရိုက်နှက်ခဲ့မှုကြောင့် အသက်အန္တရာယ် စိုးရိမ်နေရသည့် အခြေအနေတွင်ရှိနေသည်။[22] မြန်မာ့အမျိုးသမီးသမဂ္ဂ အနေဖြင့် စိန်ခေါ်မှုများနှင့် အန္တရာယ် ရှိသောအခြေအနေများထဲမှ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်း ဒေသကြီးနှင့် ကရင်နီပြည်နယ် စသည့်နေရာ နေရာ (၅) နေရာတွင် စစ်ရေးပဋိပက္ခကာလများအတွင်း အမျိုးသမီးများလိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသော အမှုများကို ဆက်လက်၍ စုစည်းမှတ်တမ်းပြုစုလျက် ရှိသည်။ ထို့အပြင် မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂ အနေဖြင့် ခက်ခဲသောအခြေအနေများ ရှိလင့်ကစား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ ပဋိပက္ခကာလများအတွင်း ကလေးသူငယ်မုဒိန်းမှု အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသောအမှုပေါင်း (၄၅)မှုကျော်ကို အသက်ရှင်ကျန်ရစ်သူများ၊ မိသားစုများနှင့် မျက်မြင် သက်သေများကို တွေ့ဆုံမေးမြန်းခြင်းမှတဆင့် မှတ်တမ်းတင်ထားနိုင်ခဲ့ပါသည်။ အဆိုပါ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသော အမှုအများစုသည် အကြမ်းဖက်စစ်သားများနှင့်

20 Myanmar Now, 30 August 2024.
http://surl.li/fnkarp

21 DVB Burmese, 01 September 2024
https://www.dvb.no/post/667083#google_vignette

22 DVB Burmese, 02 September 2024
https://www.dvb.no/post/667211#google_vignette

အတူ ၎င်းတို့နှင့်ပတ်သက် ဆက်စပ် သောလူများ ပါဝင်နေကြောင်း သိရသည်။ သို့သော်လည်း လုံလောက်စွာ အကာအကွယ်ပေးနိုင်သည့် ယန္တရားများမရှိသောကြောင့် ပဋိပက္ခကာလများအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ခံရမှု များစွာ ရှိနိုင်သော်လည်း ရှင်သန်လွတ်မြောက်လာသူများနှင့်မိသားစုများသည် ၎င်းတို့၏ လုံခြုံရေးနှင့် ပတ်သက်ပြီးစိုးရိမ်သောကြောင့် ထုတ်ဖော် ပြောဆိုခြင်းမလုပ်ကြပေ။ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသော်လည်း ကျူးလွန်ခံရသူ များအတွက် တရားမျှတမှုရရှိရန်ခက်ခဲပြီး ကျူးလွန်သူများသည် လည်းတာဝန်ခံမည်မဟုတ်ဟု အသက်ရှင်ကျန်ရစ်သူများ က ထင်မြင်ယူဆသည်။ အခြားတဖက်တွင်လည်း အသက်ရှင်ကျန်ရစ်သူများသည် လူမှုအသိုင်းအဝိုင်း၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်း စံနှုန်းအယူအဆများကြောင့် ကျူးလွန်ခံရသူများကိုကဲ့ရဲ့ ပြစ်တင် ခြင်း၊ လူမှုရေးဆိုင်ရာ အမည်းစက်အဖြစ်သတ်မှတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်ခြင်းများ အပါအဝင် စိန်ခေါ်မှု များစွာကို ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် ဖီးမနစ်လှုပ်ရှားမှုသည် ပဋိပက္ခများနှင့် ဆက်နွှယ်သော လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှုခံရခြင်းမှ အသက်ရှင်ကျန်ရစ်သူများကို ထိခိုက်နစ်နာစေသည့် အာဏာရှင် ဆန်သော၊ ဖိုဝါဒလွှမ်းမိုးသော၊ လူမှုရေးနှင့် ရိုးရာဓလေ့စံနှုန်းများကို ရင်ဆိုင်ဖြေရှင်းရန် ရည်ရွယ်သည်။

## ၁.၅။ စစ်ရှောင်အမျိုးသမီးများ၏ အခြေအနေ

ယခုသုံးသပ်ချက်ကာလအတွင်း နိုင်ငံတစ်ဝန်းဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများနှင့် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ်စွန့်ခွာသူဦးရေမှာ သိသိ သာသာ တိုးမြင့်လာပါသည်။ အကြမ်းဖက်စစ်အုပ်စုသည် အရပ်သားနေထိုင်ရာနေရာများကို အမြောက် ပစ်ခတ်ခြင်း၊ အင်အားဖြည့်တင်းခြင်း နှင့် လေကြောင်းပစ်ခတ်မှုများ ဆက်တိုက် ပြုလုပ်နေသဖြင့်လည်း အရပ်သားများသည် ခိုလှုံရာနေရာရှာဖွေနေကြရသည်။[23] ရေကြီးရေလျှံမှုကြောင့် အရပ်သားပြည်သူများ၏ နေအိမ်များ၊ အများပိုင်အခြေခံအဆောက်အအုံများ၊ ဆက်သွယ်ရေး ကွန်ယက်များ၊ ရေအရင်းအမြစ်များနှင့် အများပိုင်လမ်းပန်းဆက်သွယ်ရေးအဆောက်အအုံအများအပြား ပျက်စီးဆုံးရှုံးခဲ့ရသည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့ထုတ် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA)၏ အစီရင်ခံစာအရ မြို့နယ် (၆၅) မြို့နယ်မှ လူဦးရေ (၈၈၇,၀၀၀)ခန့်သည် ရေဘေးသင့်ခဲ့ရပြီး သေဆုံးသူ (၃၀၀) ကျော်နှင့် ဒဏ်ရာရသူ (၁၀၀)ကျော်ခန့် ရှိကြောင်း ထုတ်ပြန်ထားသည်။[24]

23 BNI-Myanmar Peace Monitor, 31 August 2024 https://mmpeacemonitor.org/314126/internally-displaced-persons-situation-in-myanmar-jan-2021-aug-2022/
24 ကုလသမဂ္ဂလူသားချင်းစာနာမှု ဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA), 21 September 2024 https://www.facebook.com/OCHAMyanmar/posts/950437463795610?ref=embed_post


Photo: The Diplomat


Photo : AFP

အရေးပေါ်ကူညီပံ့ပိုးမှုများ အပါအဝင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်း မမီဘဲ၊ ရှားပါးပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ မြေပြင်သတင်း အချက်အလက် လက်ခံမှုအရ စစ်ရှောင်စခန်းများတွင် အထူးသဖြင့် အမျိုးသမီးစစ်ရှောင်များသည် ကုန်ဈေးနှုန်းမြင့်တက်လာခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်း၊ လိင်အမြတ်ထုတ်မှုခံရခြင်း စသည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်။ အမျိုးသမီးလစဉ်သုံးပစ္စည်းများဈေးနှုန်းမြင့်တက်လာမှုကြောင့် ဝယ်နိုင်ရန်ခက်ခဲလာသည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုက ကျေးရွာများတွင် စစ်အင်အား ဆက်တိုက် ဖြည့်တင်းနေပြီး၊ နေအိမ်များကို မီးရှို့ခြင်း၊ မတရားဖမ်းဆီး သတ်ဖြတ်ခြင်းများ ဆက်လက်လုပ်ဆောင် လာခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့ နံနက်အစောပိုင်းတွင် အကြမ်းဖက်စစ်တပ်က ကရင်နီ ပြည်နယ်ရှိ စစ်ရှောင်စခန်းအား လေကြောင်းမှ ဆက်တိုက်ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကလေးငယ် (၆)ဦး အပါအဝင် အနည်းဆုံး စစ်ပြေးဒုက္ခသည် (၈)ဦး သေဆုံးပြီး စစ်ရှောင်အိမ် (၂၀)ကျော် ပျက်စီးခဲ့သည်။[25] ထိုနေ့တွင်ပင် အမျိုးသမီးများနှင့်ကလေးငယ်များအပါအဝင် ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုလှုံရန်အတွက် နတ်မြစ်ကိုဖြတ်ကူးရန် ကြိုးပမ်းနေချိန် အကြမ်းဖက်စစ်တပ်၏ အမြောက်နှင့် ဒရုန်းများ ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အများအပြားသေဆုံးခဲ့ရသည်။[26] စစ်ရှောင်များသည် လူသားချင်းစာနာ ထောက်ထားမှုအကူအညီရရှိမှု မလုံလောက်ခြင်း၊ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက် ခြိမ်းခြောက်မှုများကျယ်ပြန့်လာခြင်းနှင့် အကြမ်းဖက်စစ်အုပ်စု၏ အဆက်မပြတ်လေကြောင်း တိုက်ခိုက်မှု များကြား ရုန်းကန်ရှင်သန် နေကြရဆဲဖြစ်သည်။

25 The Irrawaddy Burmese, 06 August 2024.
https://www.facebook.com/theirrawaddyburmese/posts/931725962333925?ref=embed_post

26 HI-Honest Information, 22 August 2024
https://www.facebook.com/watch/?v=1882757805526474&ref=sharing

# နိဂုံး

မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းရန်ကြိုးပမ်းမှု လေးနှစ်နီးပါး ရှိလာပြီဖြစ် သည်။ သို့သော်လည်း မြန်မာပြည်သူလူထုသည် အကြမ်းဖက်စစ်အုပ်စုကို နည်းဗျူဟာအမျိုးမျိုး အသုံးပြု၍ ပြင်းပြင်းထန်ထန် ခုခံဆန့်ကျင်တော်လှန်နေဆဲဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင် လက်နက်ကိုင် ပဋိပက္ခများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး အကြမ်းဖက်စစ်အုပ်စု၏ ဗျူဟာစခန်းများနှင့် နယ်စပ်မြို့များအပါအဝင် နယ်မြေများ သိသိသာသာ ဆုံးရှုံးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် လည်း လေကြောင်းတိုက်ခိုက်မှု အန္တရာယ်ရှိသော်ငြားလည်း ၎င်းတို့၏ သက်ဆိုင်ရာ နယ်မြေအသီးသီးတွင် ဒေသန္တရအုပ်ချုပ်ရေးများကို စီမံဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်စစ်အုပ်စုသည် ခိုင်မာ တောင့်တင်း သော အင်စတီကျူးရှင်းတစ်ခုအဖြစ် ဆိုစရာမရှိအောင် ယိုယွင်းပြိုပျက်လာနေသည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအစရှိသည့် ယန္တရားအားလုံးပျက်စီးနေပြီဖြစ်ပြီး အကြမ်းဖက်စစ်အုပ်စု လက်ထဲတွင် ပြန်လည်ကောင်းမွန်လာနိုင်ရန် လမ်းစမမြင်ပေ။ အရပ်သားပြည်သူများ သည် ဆင်းရဲမွဲတေစွာနေထိုင်နေကြရပြီး အကြမ်းဖက်စစ်အုပ်စု ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးမျိုးနှင့် ရင်ဆိုင်နေကြရသည်။ မြန်မာနိုင်ငံရှိ မိဘများနှင့် အမျိုးသမီးများသည် အကြမ်းဖက် စစ်အုပ်စု၏ တရားမဝင်စစ်မှုထမ်းခြင်းဆိုင်ရာဥပဒေကြောင့် စစ်မှုထမ်းရမည်ဟု ခြိမ်းခြောက်မှုများနှင့် စိုးရိမ် ပူပန်ခြင်း များဖြင့် နေထိုင်နေကြရသည်။ နိုင်ငံရပ်ခြားသို့ အလုပ်အကိုင် ရှာဖွေရန် (သို့မဟုတ်) တရားမဝင် စစ်မှုထမ်း ခြင်း ဥပဒေမှ လွတ်မြောက်ရန်ကြိုးစားသူများကိုလည်း အကြမ်းဖက်စစ်အုပ်စုက လွတ်လပ်စွာ သွားလာခွင့် ကို ကန့်သတ်ပိတ်ပင်ထားသည်။ ပြင်းထန်ဆိုးဝါးသော ငွေကြေးဖောင်းပွမှုသည် အမျိုးသမီးများကို နေ့စဉ် ပိုမိုရုန်းကန်နေရမှုနှင့် ဆင်းရဲမွဲတေမှုသံသရာထဲသို့ တွန်းပို့နေသည်။ အခြားတဖက်တွင်လည်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူအမျိုးသမီးများသည် မတရား ဖမ်းဆီးခံရခြင်း၊ သတ်ဖြတ်ခံရခြင်း၊ ဥစ္စာပစ္စည်းများ ဖျက်ဆီးခံရခြင်းနှင့် ထောင်တွင်းညှဉ်းပန်းနှိပ်စက်ခံရခြင်း စသည့်အန္တရာယ်များ ကျရောက်နိုင်သည့် အနေအထားတွင် ရှိနေသည်။ အထူးသဖြင့်  နိုင်ငံရေးအကျဉ်းသူ အမျိုးသမီးများသည် အကြမ်းဖက် စစ်အုပ်စု ၏ ပစ်မှတ်ထားခြင်းကို ခံနေရသည်။ လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်လာသည်နှင့်အမျှ အမျိုးသမီးများ နှင့် အမျိုးသမီးငယ်များအပေါ် ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြိမ်းခြောက်မှုများ မြင့်တက်လာ နေပါသည်။ သို့သော်လည်း စနစ်တကျဖွဲ့စည်းထားသည့် တာဝန်ခံမှုယန္တရားများမရှိခြင်းကြောင့် ကျူးလွန်ခံရမှုမှ အသက်ရှင်ကျန်ရစ်သူများအတွက် တရားမျှတမှုရရှိရေးအတွက် စိန်ခေါ်

မှုများရှိနေဆဲ ဖြစ် သည်။ ကျူးလွန်ခံရသူများအား ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများသည် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် ကျယ်ပြန့်သောပြဿနာများဖြစ်သည်။ ထပ်မံပြီး အကြမ်းဖက်မှုများ မဖြစ်စေရန်အတွက် ရာဇဝတ်မှုကျူးလွန်သူများကို တာဝန်ခံခိုင်းရန်အရေးကြီးသည်။ လက်နက်ကိုင် ပဋိပက္ခများကြောင့် စစ်ရှောင် များ ပိုမိုများပြားလာသည်သာမက ရေကြီးရေလျှံခြင်းကဲ့သို့သော သဘာ ဝဘေးအန္တရာယ် များကြောင့် လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများနှင့် ပြတ်လပ်မှုများ နိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပေါ် စေသည်။ အကြမ်းဖက်စစ်အုပ်စု ကျူးလွန်သည့် စစ်ရာဇဝတ်မှု နှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန် သည့် ရာဇဝတ်မှုများကြောင့် ဒဏ်ရာရ၊ အသတ်ခံရသော အမျိုးသမီး များဦးရေများ တိုးလာလျက်ရှိသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ပဋိပက္ခအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်း မမှီသောကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ အမျိုးသမီးများသည် ဆိုးရွားသောအန္တရာယ် ကြုံရနိုင်သော်လည်း ၄င်းတို့သည် အမျိုးသားများနှင့်အတူ နည်းဗျူဟာအမျိုးမျိုး ကို အသုံးပြု၍ အကြမ်းဖက်စစ်အုပ်ကို ဆက်လက်ခုခံတိုက်ခိုက်တော်လှန်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ခံနိုင်ရည်ရှိမှုနှင့် ဆုံးဖြတ် ချက်ခိုင်မာမှုသည် အထူးသဖြင့် နိုင်ငံရေးအပြောင်းအလဲများ ကို ရင်ဆိုင်ရချိန်တွင် အမှန်တကယ် မှတ်ကျောက်တင်ထားဖွယ် ကောင်းလှပေသည်။ ယခုတော်လှန်ရေး သည် အကြမ်းဖက်စစ်အုပ်ကို ဆန့်ကျင်ရုံ သာမက လူ့အဖွဲ့အစည်းအတွင်းတွင် နက်ရှိုင်းစွာအမြစ်တွယ် နေသော ဖိုဝါဒီလွှမ်းမိုးသောဝါဒ အပါအဝင် အာဏာရှင်စနစ်အားလုံးကို ဆန့်ကျင်နေခြင်းဖြစ်သည်။ ဤ တော်လှန်ရေးသည် ကျားမတန်းတူ ညီမျှမှုကို မြှင့်တင်ရန်နှင့် နောင်အနာဂတ်တွင် အားလုံးပါဝင်နိုင် သော လူမှုအသိုက်အဝန်းနှင့် လူ့အဖွဲ့အစည်းကို ဖန်တီး တည်ဆောက်နိုင်ရန်ရည်ရွယ်သည်။ အမျိုးသမီး များသည် အမျိုးသားများနှင့် အတူ ကြီးမားသော အန္တရာယ် များနှင့် စိန်ခေါ်မှုများကိုဖြတ်ကျော်၍ တရား မျှတမှု၊ တန်းတူညီမျှမှုနှင့်အတူ အားလုံးပါဝင်နိုင်သော အနာဂတ် ကို ဖန်တီးတည်ဆောက်နိုင်ရန်အတွက် စဉ်ဆက်မပြတ်တိုက်ပွဲဝင်လျက် ရှိသည်။